## ရေယာဉ်မှူးပါမစ် (Master Permit) လက်မှတ်ထုတ်ယူရန်၊ မျက်စိစစ်ဆေးရန်၊ လက်မှတ်သက်တမ်းတိုးရန်နှင့် လက်မှတ်ပျောက်ဆုံးခြင်းအတွက် လက်မှတ်အသစ် ပြန်လည်ထုတ်ယူရန် လျှောက်ထားခြင်း

### လက်မှတ်ထုတ်ယူရန် လျှောက်ထားရာတွင်-

(၁) ကာယကံရှင်ကိုယ်တိုင် ရေကြောင်းဌာနခွဲ၊ စာမေးပွဲဌာနစုသို့ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်လျှောက်ထားရမည်-

(က) ကာယကံရှင်၏လျှောက်လွှာ၊

(ခ) နိုင်ငံသားစိစစ်ဆေးရေးကတ်ပြား (မိတ္တူ)၊

(ဂ) ရေယာဉ်မှတ်ပုံတင်လက်မှတ် (မိတ္တူ)၊

(ဃ) သက်တမ်းရှိမျက်စိစစ်ဆေးအောင်မြင်ကြောင်းလက်မှတ် (မူရင်းနှင့်မိတ္တူ)၊

(င) ဓါတ်ပုံ (၂) ပုံ (၃၂ မီလီမီတာ x ၄၀ မီလီမီတာ)၊ နှင့်

(စ) ငွေသွင်းချလံ (သို့မဟုတ်) ငွေသွင်းပြီးကြောင်း အထောက်အထား။

(၂) နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်ပါက စတင်တာဝန်ထမ်းဆောင်မည့် ရေယာဉ်ပေါ်တွင် ခရီးစဉ်တစ်ခေါက်မောင်းနှင်ခွင့် (One Trip) ရေယာဉ်မှူးပါမစ် (Master Permit) လက်မှတ်ကို ထုတ်ပေးမည်။

(၃) ခရီးစဉ်တစ်ခေါက်မောင်းနှင်ပြီးပါက အဆိုပါရေယာဉ်တွင် ဆက်လက်တာဝန်ထမ်းဆောင်မည်ဆိုလျှင် (၆) လ သက်တမ်းရှိသော ရေယာဉ်မှူးပါမစ် (Master Permit) လက်မှတ်ကို ထုတ်ပေးမည်။

### မျက်စိစစ်ဆေးရန်* လျှောက်ထားရာတွင်-

(၄) မျက်စိစစ်ဆေးရန်လိုအပ်ပါက ကာယကံရှင်ကိုယ်တိုင် ရေကြောင်းဌာနခွဲ၊ စာမေးပွဲဌာနစုသို့ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်လျှောက်ထားရမည်-

(က) ကာယကံရှင်၏ လျှောက်လွှာ၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)၊

(ဂ) ဓါတ်ပုံ (၂) ပုံ (၃၂ မီလီမီတာ × ၄၀ မီလီမီတာ)၊

(ဃ) ပွဲ့နင်းမှူး လက်မှတ်(မိတ္တူ) နှင့်

(င) ငွေသွင်းချလံ (သို့မဟုတ်) ငွေသွင်းပြီးကြောင်း။

* ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဒေါပုံသင်္ဘောကျင်းရှိ ရေကြောင်းဌာနခွဲ၊ မျက်စိစစ်ဆေးခန်း၌ အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်းတွင် စစ်ဆေးသွားမည်ဖြစ်ပါသည်။

**လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားရာတွင်–**

**(၅)** ကာယကံရှင်ကိုယ်တိုင် ရေကြောင်းဌာနခွဲ၊ စာမေးပွဲဌာနစုသို့ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်လျှောက်ထားရမည်–

(က) ကာယကံရှင်၏လျှောက်လွှာ၊

(ခ) နိုင်ငံသားစိစစ်ဆေးရေးကတ်ပြား (မိတ္တူ)၊

(ဂ) သက်တမ်းကုန်ဆုံးမည့် (သို့မဟုတ်) သက်တမ်းကုန်ဆုံးနေသော ရေယာဉ်မှူး ပါမစ် (Master Permit) လက်မှတ်(မူရင်း)

(ဃ) ပွဲနင်းမှူးလက်မှတ် (မူရင်း နှင့် မိတ္တူ)

(င) ရေယာဉ်မှတ်ပုံတင်လက်မှတ် (မိတ္တူ)၊

(စ) သက်တမ်းရှိမျက်စိစစ်ဆေးအောင်မြင်ကြောင်းလက်မှတ် (မူရင်းနှင့်မိတ္တူ)၊

(ဆ) ဓါတ်ပုံ (၂) ပုံ (၃၂ မီလီမီတာ x ၄၀ မီလီမီတာ)၊ နှင့်

(ဇ) ငွေသွင်းချလံ (သို့မဟုတ်) ငွေသွင်းပြီးကြောင်း အထောက်အထား။

**လက်မှတ်ပျောက်ဆုံးခြင်းအတွက် လက်မှတ်အသစ် ပြန်လည်ထုတ်ယူရန်လျှောက်ထားရာတွင်–**

(၆) ကာယကံရှင်ကိုယ်တိုင် ရေကြောင်းဌာနခွဲ၊ စာမေးပွဲဌာနစုသို့ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်လျှောက်ထားရမည်–

(က) ကာယကံရှင်၏လျှောက်လွှာ၊

(ခ) ကာယကံရှင်၏ ကျမ်းကျိန်လွှာ၊

(ဂ) နိုင်ငံသားစိစစ်ဆေးရေးကတ်ပြား (မိတ္တူ)၊

(ဃ) ပွဲနင်းမှူးလက်မှတ် (မူရင်း နှင့် မိတ္တူ)

(င) ရေယာဉ်မှတ်ပုံတင်လက်မှတ် (မိတ္တူ)၊

(စ) သက်တမ်းရှိမျက်စိစစ်ဆေးအောင်မြင်ကြောင်းလက်မှတ်(မူရင်းနှင့်မိတ္တူ)၊

(ဆ) ဓါတ်ပုံ (၂) ပုံ (၃၂ မီလီမီတာ x ၄၀ မီလီမီတာ)၊

(ဇ) ငွေသွင်းချလံ (သို့မဟုတ်) ငွေသွင်းပြီးကြောင်း အထောက်အထား၊ နှင့်

(ဈ) လက်မှတ်ပျောက်ဆုံးခြင်းအတွက် သတင်းစာကြော်ငြာ၊ ရပ်ကွက်နှင့် ရဲစခန်း ထောက်ခံစာ။